| | | | |
|---|---|---|---|
| ၈။ | မေတ္တာဖြင့်ပစ္စည်း ပေးကမ်းသည့် စာချုပ်စာတမ်း | | တန်ဖိုးအပေါ် ၂% ( အပိုတံဆိပ်ခေါင်း ၂% ) စုစုပေါင်း ၄% |
| ၉။ | အငှားစာချုပ် | ✚ ငှားရမ်းခသတ်မှတ်၍ စပေါ်ငွေ မပေးရသည့် (သို့) မပေးအပ်ရသည့် ကိစ္စတွင်–<br>➢ ငှားရမ်းကာလ ၁ နှစ် အောက် လျော့လျှင်<br>➢ ငှားရမ်းကာလ ၃ နှစ် ထက် မပိုလျှင်<br>➢ ငှားရမ်းကာလ ၃ နှစ် ထက် ပိုလျှင်<br>➢ သတ်မှတ်ထားသည့် ကာလ အပိုင်းအခြားအတွက် ဖြစ်သည့် သဘော မသက်ရောက်လျှင်<br>➢ အငှားစာချုပ်မှာ ထာဝစဉ်ဖြစ် သည့် သဘောသက်ရောက်လျှင် | <br><br>ငှားရမ်းခရငွေ အားလုံး၏ ၀.၅%<br>နှစ်စဉ်ပျှမ်းမျှ ငှားရမ်းခ ရငွေ၏ ၀.၅%<br>နှစ်စဉ်ပျှမ်းမျှ ငှားရမ်းခ ရငွေ၏ ၂%<br>ပထမ ၁၀ နှစ် အတွက် ပေးရမည့် သို့မဟုတ် နှစ်စဉ်ပျမ်းမျှ ငှားရမ်းခ ရငွေ၏ ၂%<br>ပထမနှစ် ၅၀ အတွက် ပေးရမည့် သို့မဟုတ် စုစုပေါင်း ငှားရမ်းခ ရငွေ ၏ ၅ ပုံ ၁ ပုံ အပေါ် ၂% |
| | | ✚ သတ်မှတ်ထားသည့် ဒဏ်ငွေ (သို့) စပေါ်ငွေအတွက်ဖြစ်စေ၊ ကြိုတင် ပေးငွေအတွက်ဖြစ်စေ ထုတ်ပေး၍ ငှားရမ်းခ သတ်မှတ်မထားလျှင် | ဒဏ်ငွေ၊ စပေါ်ငွေ (သို့) ကြိုတင်ပေးငွေအပေါ် ၂% |
| | | ✚ သတ်မှတ်ထားသည့် ငှားရမ်းခ အပြင် ဒဏ်ငွေ (သို့) စပေါ်ငွေ အတွက် သော်လည်းကောင်း၊ ကြိုတင်ထုတ်ချေးငွေအတွက် သော်လည်းကောင်း ထုတ်ပေးသည်ဖြစ်လျှင် | ထိုဒဏ်ငွေ၊ စပေါ်ငွေ (သို့) ကြိုတင်ပေးငွေကို ပေးရပါက (သို့) လွှဲအပ်မပေးရပါက အဆိုပါ အငှားစာချုပ်ပေါ်တွင် ပေးဆောင်ရမည် ဖြစ်သည့် တံဆိပ်ခေါင်းခွန် အပြင် ဒဏ်ငွေ၊ စပေါ်ငွေ(သို့) ကြိုတင်ပေးငွေအပေါ် ၂% |
| ၁၀။ | အပေါင်စာချုပ် | ✚ အပေါင်ပစ္စည်းကို လက်ရောက် ပေးအပ်လျှင် | ချေးငွေအပေါ် ၂% ( အပိုတံဆိပ်ခေါင်း ၂% ) စုစုပေါင်း ၄% |
| | | ✚ အပေါင်ပစ္စည်းကို လက်ရောက် မပေးအပ်လျှင် | ချေးငွေအပေါ် ၀.၅% |
| ၁၁။ | ပစ္စည်းခွဲဝေသည့် စာချုပ်စာတမ်း | | ဝေစုတန်ဖိုးအပေါ် ၀.၅% |
| ၁၂။ | ဒီဘင်ချာ ခေါ် ကြွေးမြီခံဝန်ချုပ် | ✚ အပေါင်ဒီဘင်ချာ ခေါ် ကြွေးမြီခံဝန် ချုပ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ၎င်းမှာ ဈေးကွက်ဝင်ငွေချေး သက်သေခံစာချုပ်ဖြစ်ပြီး–<br>➢ ထပ်ဆင့်လက်မှတ်ရေးထိုး၍ ဖြစ် စေ၊ သီးခြားအလွှဲအပြောင်းစာ ချုပ်စာတမ်း ချုပ်ဆို၍ဖြစ်စေ လွှဲပြောင်းနိုင်လျှင် | ထိုငွေပမာဏအတွက် ၀.၅% |
| | | ➢ ပေးအပ်၍ လွှဲပြောင်းနိုင်လျှင် | ဒီဘင်ချာ၏ တန်ဖိုးရင်း ငွေနှင့် ညီမျှသော အဖိုးစားနား အတွက် တံဆိပ်ခေါင်းခွန်မှာ ၂% |
| ၁၃။ | အလွှဲအပြောင်း စာချုပ်စာတမ်း | ✚ အစုရှယ်ယာများအလွှဲအပြောင်း စာချုပ်စာတမ်း<br>✚ ဈေးကွက်ဝင် ငွေချေးသက်သေခံ လက်မှတ်များဖြစ်သည့် ဒီဘင်ချာ ခေါ် ကြွေးမြီခံဝန်ချုပ်များ အလွှဲအပြောင်း စာချုပ်စာတမ်း | အစုရှယ်ယာတန်ဖိုး အပေါ် ၀.၁%<br>ဒီဘင်ချာ ခေါ် ကြွေးမြီ ခံဝန်ချုပ် တန်ဖိုးအပေါ် ၀.၁% |
| ၁၄။ | ကိုယ်စားလှယ် လွှဲစာ | ✚ တရားမမှု (သို့) အခြားမှုခင်းများတွင် လိုအပ်လျှင်<br>✚ အထူးကိုယ်စားလှယ်လွှဲစာ (SP)<br>✚ အထွေထွေကိုယ်စားလှယ်လွှဲစာ (GP) | ၁၀၀ ကျပ်<br><br>၃၀၀ ကျပ်<br>၁၀၀၀ ကျပ် |
| ၁၅။ | ပစ္စည်းစီမံခန့်ခွဲမှု စာချုပ်စာတမ်း | | ပစ္စည်းတန်ဖိုး၏ ၀.၅% |

## အပိုတံဆိပ်ခေါင်းခွန်ထမ်းဆောင်ရခြင်း

❖ မရွှေ့ပြောင်းနိုင်သောပစ္စည်းများလွှဲပြောင်းသည့် အောက်ဖော်ပြပါစာချုပ်စာတမ်းများသည် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်တန်ဖိုးအပြင် အပိုတံဆိပ်ခေါင်းခွန် ၂% ကို အဆိုပါပစ္စည်းတည်ရှိရာနေရာရှိ ဈေးကွက်ပေါက်ဈေးနှင့်အညီ ထမ်းဆောင်ရပါမည်–

- ✓ ပစ္စည်းလွှဲပြောင်းခြင်းစာချုပ်စာတမ်း၊
- ✓ မေတ္တာဖြင့်ပေးကမ်းသည့်စာချုပ်စာတမ်း၊
- ✓ အပေါင်စာချုပ်(အပေါင်ပစ္စည်းလက်ရောက်ပေးအပ်လျှင်)။

## ကျေးဇူးတင်လွှာ

❖ နိုင်ငံတော်အစိုးရသည် အခွန်အကောက်ရငွေများဖြင့် နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေး အစရှိသည့်လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ပါသဖြင့် တည်ဆဲအခွန်ဆိုင်ရာ ဥပဒေများနှင့်အညီ ကျသင့်အခွန်များအား နိုင်ငံကြီးသား ပီသစွာဖြင့် မှန်မှန်ကန်ကန် ပြည့်ပြည့်ဝဝ အခွန်ပေးဆောင်ကြသော အခွန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

အသေးစိတ်သိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး(ရန်ကုန်)၊ အမှတ်–၁၂၈/၁၃၂ (ဒုတိယထပ်နှင့်တတိယထပ်)၊ ပန်းဆိုးတန်းလမ်း(အလယ်ဘလောက်)၊ ကျောက်တံတား မြို့နယ်၊ ဖုန်း–၀၁–၈၃၈၉၃၁၁၊ ဖုန်း–၀၁–၈၃၈၉၃၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်)၊ ရုံးအမှတ်(၄၆)၊ ဖုန်း–၀၆၇–၃၄၃၀၅၂၂၊ ၀၆၇–၃၄၃၀၅၄၄ သို့မဟုတ် အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံး(မန္တလေး)၊ ၆၅လမ်း၊ ၂၂x၂၃ လမ်းကြား၊ အောင်မြေသာစံ မြို့နယ်၊ ဖုန်း–၀၂–၄၀၃၀၁၀၇၂၊ ၀၂–၄၀၃၀၆၃၈၊ ၀၂–၄၀၃၀၆၃၉ သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လက်ကမ်းစာစောင်နှင့် ပုံစံများကိုလည်း Download ရယူနိုင်ပါသည်။



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

# တံဆိပ်ခေါင်းခွန်ထမ်းဆောင်ခြင်းအကြောင်း သိကောင်းစရာ



၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၈၉အရ နိုင်ငံသားတိုင်းသည် ဥပဒေအရ ပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိသည်။

**Internal Revenue Department**

**Office Building No.(46), Nay Pyi Taw**

https://www.ird.gov.mm

**"Tax by the Law, Service by Our Heart"**

## ရည်ရွယ်ချက်

- ❖ စာချုပ်စာတမ်းများချုပ်ဆိုကြရာ၌ ထမ်းဆောင်ရမည့် ထိုက်သင့်တံဆိပ်ခေါင်းခွန်နှုန်းထားများနှင့် တံဆိပ်ခေါင်းခွန်ဆိုင်ရာပြဋ္ဌာန်းချက်များအား ရှင်းလင်းစွာသိရှိနိုင်ကြစေရန် ရည်ရွယ်ပါသည်။

## တံဆိပ်ခေါင်းအမျိုးအစားများ

- ❖ တရားရုံးသုံးတံဆိပ်ခေါင်းနှင့် တရားရုံးသုံးမဟုတ်သော တံဆိပ်ခေါင်းဟူ၍ (၂) မျိုးရှိရာ တရားရုံးသုံးတံဆိပ်ခေါင်းများမှာ ရုံးခွန်နှိပ်နှင့် ရုံးခွန်ကပ် ဖြစ်ပြီး၊ တရားရုံးသုံးမဟုတ်သော တံဆိပ်ခေါင်းများမှာ အခွန်နှိပ်၊ အခွန်ကပ်နှင့် အထူးကပ်တံဆိပ်ခေါင်းများဖြစ်ပါသည်။ ဤလက်ကမ်းစာစောင်တွင် တရားရုံးသုံးမဟုတ်သော တံဆိပ်ခေါင်းများအတွက်သာ ဖော်ပြထားပါသည်။

## တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရမည့်အချိန်

- ❖ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မည်သူမဆို ချုပ်ဆိုသည့် တံဆိပ်ခေါင်းခွန်ထိုက်သင့်သော စာချုပ်စာတမ်းများအားလုံးကို စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ ချုပ်ဆိုသည့်အခါ၌ဖြစ်စေ တံဆိပ်ခေါင်းခွန်ထမ်းဆောင်ရပါမည်။
- ❖ မြန်မာနိုင်ငံပြင်ပတွင် ချုပ်ဆိုခဲ့သည့် ငွေလွှဲလက်မှတ် သို့မဟုတ် ငွေပေးကတိစာချုပ်မဟုတ်သော တံဆိပ်ခေါင်းခွန်ထိုက်သင့်သည့် စာချုပ်စာတမ်းများအရပ်ရပ်အား မြန်မာနိုင်ငံအတွင်း၌ ပထမဦးစွာ လက်ခံရရှိပြီးနောက် **(၃)လအတွင်း** မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ယူဆောင်လာပြီး တံဆိပ်ခေါင်းကပ်နှိပ်ထမ်းဆောင်နိုင်ပါသည်။

## တံဆိပ်ခေါင်းများရောင်းချခြင်း

- ❖ တံဆိပ်ခေါင်းရောင်းချခွင့်ရှိသူများ –
  - ✓ ရာထူးအလျောက်တံဆိပ်ခေါင်းရောင်းချသူများ၊
  - ✓ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများ။
- ❖ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအဖြစ် ခန့်ထားခံရခြင်းမရှိဘဲ တံဆိပ်ခေါင်းများကို တရားမဝင်ရောင်းချပါက–
  - ✓ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေအရ ထောင်ဒဏ် ခြောက်လအထိ သို့မဟုတ် ငွေဒဏ်ကျပ်တစ်သိန်းအထိ သို့မဟုတ် ဒဏ်နှစ်ရပ်စလုံး ချမှတ်ခံရမည်ဖြစ်ပါသည်။

## တံဆိပ်ခေါင်းဝယ်ယူရရှိနိုင်မည့်နေရာများ

- ❖ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထမ်းဆောင်ရမည့် စာချုပ်စာတမ်း/ စာမှတ်စာတမ်းများကို တင်ပြ၍လည်းကောင်း၊
- ❖ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ တံဆိပ်ခေါင်းအရောင်းကောင်တာများတွင် ထမ်းဆောင်ရမည့် စာချုပ်စာတမ်း/ စာမှတ်စာတမ်း (အိမ်၊ ခြံ၊ မြေ ကာလတန်ဖိုးစိစစ်သတ်မှတ်သည့်ကိစ္စရပ်များမှအပ) များကို တင်ပြ၍လည်းကောင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်စွာ ဝယ်ယူကပ်နှိပ်ထမ်းဆောင်နိုင်ပါသည်။
- ❖ လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများထံတွင် ၎င်းတို့ရောင်းချခွင့်ရှိသည့် တံဆိပ်ခေါင်းအမျိုးအစားများကို ဝယ်ယူနိုင်ပါသည်။

## တံဆိပ်ခေါင်းခွန်နှင့်စပ်လျဉ်း၍ပိုင်းခြားဆုံးဖြတ်ခြင်း

- ❖ စာချုပ်စာတမ်းတစ်စုံတစ်ရာကို ချုပ်ဆိုပြီးဖြစ်စေ၊ မချုပ်ဆိုရသေးသည်ဖြစ်စေ တံဆိပ်ခေါင်းကပ်နှိပ်ပြီးဖြစ်စေ၊ မကပ်နှိပ်ရသေးသည်ဖြစ်စေ မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)ထံ ဆောင်ယူတင်ပြလာပြီး ထိုစာချုပ်စာတမ်းသည် တံဆိပ်ခေါင်းခွန်(ထိုက်သင့်လျှင်) မည်မျှထိုက်သင့်ကြောင်းကို သိရှိလိုကြောင်း ငါးရာကျပ်ထက်မပို ကျပ်ငါးဆယ်အောက်မလျော့သည့် အခကြေးငွေကို ပေးဆောင်၍ လျှောက်ထားမေးမြန်းသည့်အခါ မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ) က ဆုံးဖြတ်ရမည်။

## နိုင်ငံခြားငွေကြေးဖြင့်ဖော်ပြသည့်ပမာဏအားပြောင်းလဲခြင်း

- ❖ စာချုပ်စာတမ်းတစ်ရပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငွေကြေးမှတစ်ပါး မည်သည့်ငွေကြေးတစ်စုံတစ်ရာဖြင့်မဆို ငွေပမာဏကို ဖော်ပြထားခြင်းဖြစ်လျှင် ယင်းစာချုပ်ချုပ်ဆိုသည့်နေ့ရှိပေါ်ပေါက်ရာ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန်သည့် နေ့စဉ်ငွေလဲလှယ်နှုန်းနှင့်အညီ** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ငွေကြေးတန်ဖိုးပေါ်တွင် ထမ်းဆောင်ရမည့်အခွန်ကို တွက်ချက်ရမည်ဖြစ်ပါသည်။

## တံဆိပ်ခေါင်းခွန်အပြည့်အဝထမ်းဆောင်ထားခြင်းမရှိလျှင်

- ❖ တံဆိပ်ခေါင်းခွန် အပြည့်အဝထမ်းဆောင်ထားခြင်းမရှိသည့် စာချုပ်စာတမ်းအား မည်သည့်အမှုကိစ္စနှင့်မျှ သက်သေခံချက်အဖြစ် လက်ခံခွင့်မရှိသည့်အပြင် ထိုစာချုပ်စာတမ်းအရ ဆောင်ရွက်ခြင်း၊ မှတ်ပုံတင်ခြင်း သို့မဟုတ် မှန်ကန်ကြောင်း အသိအမှတ်ပြု သက်သေခံလက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ခွင့်ရှိမည် မဟုတ်ပါ။
- ❖ အောက်ပါပုဂ္ဂိုလ်များသည် မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းများဆောင်ရွက်ရာ၌ ၎င်းတို့၏ရှေ့မှောက်သို့တင်ပြလာသော စာချုပ်စာတမ်းတစ်စုံတစ်ရာတွင် နည်းလမ်းတကျထိုက်သင့်သော တံဆိပ်ခေါင်းမပါရှိပါက ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ယင်းစာချုပ်စာတမ်းအား သိမ်းယူရမည်ဖြစ်သည်–
  - ✓ ရဲအရာရှိမှတစ်ပါး ဥပဒေအရ သို့မဟုတ် အမှုသည်တို့ သဘောတူညီချက်အရ သက်သေခံချက်ရယူခွင့်ရရှိသူ၊
  - ✓ အများပြည်သူဆိုင်ရာ ရုံးကြီးကြပ်အုပ်ချုပ်သူအသီးသီး။

## လိုအပ်/လျော့နည်းနေသည့်တံဆိပ်ခေါင်းခွန်နှင့် ဒဏ်ကြေးငွေပေးဆောင်စေခြင်း

- ❖ မြို့နယ်အခွန်ဦးစီးဌာနမှူး(ကော်လိတ္တော်အရာရှိ)သည် ထိုကဲ့သို့ သိမ်းယူထားသော စာချုပ်စာတမ်းများနှင့်ပတ်သက်၍ လိုအပ်/ လျော့နည်းနေသည့် တံဆိပ်ခေါင်းခွန်အပြင် ထိုလိုအပ်/လျော့နည်းနေသည့် တံဆိပ်ခေါင်းခွန်၏ (၃)ဆနှင့်ညီမျှသော ဒဏ်ကြေးငွေကို ပေးဆောင်စေနိုင်ပါသည်။

## စာချုပ်စာတမ်း(၆၅)မျိုးအနက် အများပြည်သူအသုံးများသည့် စာချုပ်စာတမ်းများနှင့်ထိုက်သင့်တံဆိပ်ခေါင်းခွန်နှုန်းထားများ

| စဉ် | စာချုပ်စာတမ်းအမည် | ရှင်းလင်းချက် | အခွန်နှုန်းထား |
|---|---|---|---|
| ၁။ | မွေးစားစာချုပ် | | ၁၅၀ ကျပ် |
| ၂။ | ကျမ်းကျိန်လွှာ | ၎င်းတွင် ကျမ်းကျိန်မည့်အစား ကတိသစ္စာပြုရန် (သို့) ကြေညာရန် တရားဥပဒေအရ ခွင့်ပြုထားသူများဖြစ်လျှင် ကတိသစ္စာပြုချက် (သို့) ကြေညာချက်ပါဝင်သည်။ | ၁၅၀ ကျပ် |
| ၃။ | သဘောတူစာချုပ် သို့မဟုတ် သဘောတူညီချက်မှတ်တမ်း | ဖက်စပ်သဘောတူစာချုပ်၊ ထုတ်လုပ်ခြင်း (သို့) အကျိုးအမြတ်ခွဲဝေခြင်းပဋိညာဉ်စာချုပ်၊ ဆောက်လုပ်ရေး သဘောတူစာချုပ် (သို့) အလားတူ သဘောတူစာချုပ် (သို့) ပဋိညာဉ်စာချုပ်နှင့်သက်ဆိုင်လျှင်<br>အခြားနည်းဖြင့် ပြဋ္ဌာန်းမထားသည့် သဘောတူစာချုပ်ဖြစ်လျှင် | ထိုငွေပမာဏ (သို့) တန်ဖိုးအပေါ် ၁% ။ သို့ရာတွင် အများဆုံး ထိုက်သင့်သည့် တံဆိပ်ခေါင်းခွန် ၁ သိန်းခွဲ ဖြစ်စေရမည်။<br>၃၀၀ ကျပ် |
| ၄။ | ဖျက်သိမ်းသည့် စာချုပ်စာတမ်း | | ၁၅၀ ကျပ် |
| ၅။ | ပစ္စည်းရောင်း သက်သေခံလက်မှတ် | ၎င်းမှာ(တစ်ပုံစီခွဲကာ လေလံတင်ရောင်းချသောပစ္စည်းနှင့် စပ်လျဉ်း၍) တရားမတရားရုံးတစ်ခုခုကဖြစ်စေ၊ အခွန်အာဏာပိုင်ကဖြစ်စေ၊ ကော်လိတ္တော် (သို့) အခြားအခွန်အရာရှိကဖြစ်စေ လေလံတင်ရောင်းချသောပစ္စည်းတစ်ခုခု ဝယ်သူအား ထုတ်ပေးသည့်သက်သေခံလက်မှတ်ဖြစ်ပြီး<br>ဝယ်ယူသည့်ငွေ ကျပ် ၅သိန်း ထက်မပိုလျှင်<br>အခြားကိစ္စတစ်ခုခုအတွက်ဖြစ်လျှင် | ထိုဝယ်ငွေပမာဏအပေါ် ၁%<br>ထိုဝယ်ငွေပမာဏနှင့်ညီမျှသော အဖိုးစားနားအတွက် တံဆိပ်ခေါင်းခွန်မှာ ၂% |
| ၆။ | ပစ္စည်းလွှဲပြောင်းခြင်း စာချုပ်စာတမ်း | | တန်ဖိုးအပေါ် ၂%<br>(အပိုတံဆိပ်ခေါင်း ၂%)<br>စုစုပေါင်း ၄% |
| ၇။ | ပစ္စည်းချင်းဖလှယ်သည့် စာချုပ်စာတမ်း | ထိုစာချုပ်စာတမ်းတွင် ဖော်ပြထားသည့်အတိုင်း အများဆုံးတန်ဖိုးရှိပစ္စည်း၏ တန်ဖိုးနှင့်ညီမျှသော အဖိုးစားနားအတွက် တံဆိပ်ခေါင်းခွန်မှာ | ၂% |